စိုးမိုးစာပေ

# ဆုလေးနွယ်

(ရန်ကုန်တက္ကသိုလ်)

သခင့်ရင်ခွင်



နေရောင်နွေးနွေးသည် ဝရန်တာမှ မှန်ချပ်များကို ဖြတ်လျက် သူမ ဆီသို့ အလင်းတန်းများ အဖြစ် ဖြာကျလျက်ရှိသည် ။

သည် မနက်ခင်းမှာ တော့ အိပ်ရာနိုးစကတည်းက သူမစိတ်တွေ လ န်းဆန်းအေးမြနေ၏။

အိမ်ကြီးပေါ်သို့ လှမ်းတက်ခဲ့သော ခြေလှမ်းတွေမှာ လည်း တက်ကြွ လို့ နေသည် ။

သည် အိမ်ပေါ်ထပ်မှာ သူမတို့ အတွက် အလုပ်လုပ်စရာ များများ စားစား ရှိလှတာတော့ မဟုတ်ပါ။

သို့သော် သူမအဖို့ တော့ မရိုးနိုင်သော ပျော်ပိုက်နိုင်စရာလေးများ ပ င် ဖြစ်၏။

ဘယ်သူမှ မရှိသလို တိတ်ဆိတ်ငြိမ်ကျနေသော အိမ်ကြီးအတွင်းမှာ ပေါ်လစ်ရောင် ပြောင်လက်နေသော ပါကေးကြမ်းခင်းပေါ် သူမဖွဖွလေး ရွေ့လျားလျက် ဖုန်တစ်စက်မျှပင် မရှိသော ပီယာနိုးအသေးစားလေးကို ဖုန်သုတ်နေမိသည် ။

ထို့နောက် မှန်စားပွဲဝိုင်း အမြင့်လေးပေါ်၌ စီကာရီကာ အလှတင် ထားသော ပစ္စည်းပေါက်စနလေးများကို တစ်ခုချင်း တစ်ခုချင်း အဝတ် စနှင့် ပွတ်တိုက်လျက် နေသားကျ လှပအောင် ပြန်ထားသည် ။

သည် ဧည့်ခန်းသည် တခြားဧည့်ခန်းများ နှင့် ဘယ်လိုကွာခြားသလဲ ။ သူမ သေချာမသိသော်လည်း အလွန်ချစ်စဖွယ်ကောင်းတာတော့ အမှ

န်ပင်။

နံ့ရံတစ်ဖက်                    တစ်ချက်စီမှာ အလှမွေးငါးကန်နှစ်ကန် ရှိတာကိုတော့ဖြင့်သူမ အနှစ်သက်ဆုံးပဲ ဖြစ်သည် ။

အမျိုးအစားစုံလင်လှပသော ထိုအလှမွေးငါးကလေးတွေ အမည်ကို သူမ အကုန်အစင် မသိပါ။

ငါးတစ်ကောင်၏ တန်ဖိုးမှာ တစ်သောင်းအထက်ချည်းပဲ ဆိုတာ လောက်သာ သိ၏။

ငါးအနီလေးတွေ ပြေးလွှားကူးခတ်နေရာ၊ နေရောင်မှာ တဖျပ်ဖျပ် လက်နေတာကို တစ်ချက် လှမ်းကြည့်ပြီးမှ စားပွဲပေါ်မှ ဖယောင်းရုပ်တု လည်ပတ်နေသော မှန်ပုံးလေးကို သူမအထားအသို အနည်းငယ် ပြင်ဆင်လိုက်သည် ။

သည် နေ့ ငါးကန် သန့်ရှင်းရေး သူလုပ်ဦးမှာ လား။

မသိပါဘူးလေ။

သူမအကြည့်က နံ့ရံကပ် မီးပုံးအစိမ်း ဖျော့ဖျော့လေးများ ဆီ ရောက် ၏။

ကြည့်စမ်း ... ယခုထိ မီးမပိတ်ရသေးဘူးပဲ။

သူမ လျင်မြန်စွာ ဖျတ်ခနဲ ခလုတ်သွားပိတ်လိုက်သည် ။

သည် ဘက်ကို ပြန်လျှောက်အလာမှာ ကျွန်းကုလားထိုင်ကိုးလုံး စီ ထားတာ ညီရဲ့ လားဟု ကြည့်မိ၏။

ညှော့သည် အလာနည်းသော်လည်း ကုလားထိုင်တွေက များ ပြားလှ သည် ။

ဆံုလည်ကုလားထိုင်မြင့် နှစ်လုံးမှာ အသွေးတူ အဆင်တူ။

သို့သော် တစ်နေရာစီဖြစ်နေ၏။

အို ... ဒီတစ်ခု မပြီးစီးသေးဘဲ မျက်စိက နောက်တစ်နေရာချည်း ရောက်နေပါလား။

သူမစိတ်တွေကပင် အကြောင်းမဲ့ လူးလွန့်နေတာလား။

ဇီးညိုရောင် မှန်တစ်ထပ်၊ ဇာခန်းဆီးတစ်ထပ်နှင့် လုပသော အခန်းတွင်းသို့ ထွင်းဖောက် မမြင်ရမှန်းသိပေမဲ့ သူမ မျက်ဝန်းတစ်ချက် ရောက်၏။

အခန်းတံခါး စေ့ပိတ်ထားတာမို့ အတွင်းက အသံဗလံလည်း မကြားရပါ။

သို့သော် ထိုအခန်းထဲ၌ ရှိသော တစ်စုံတစ်ယောက်ကို သူမမျက်ဝန်းထဲ အလိုလို မြင်နိုင်သည် ။

ပရပိုက်ခင်သည် မျက်လွှာလေး စင်းချကာ စားပွဲပေါ်မှာ တင်ထားသော ဂစ်တာပုံ နာရီစိမ်းပြာလေးကို အဝတ်စနှင့် ပွတ်တိုက်နေမိသည် ။

နာရီအပြင်ဘက် မှန်သားကြည်ကြည်ဟာ သူမ ဖိတိုက်နေမှုကြောင့် ပိုလက်ပြီး တောက်ပလာနိုင်သလား။

နာရီလက်တံများ ၏ ရွေ့လျားမှုကို အမှတ်မထင် ရေတွက်မိ၏။

မိနစ်နှစ်ဆယ် ကျော်နေပြီ။

နိုင်ငံခြားဖုန်းတစ်ခုကို နားနှင့်မခွာရက်အောင် ဖြစ်နေသော သံယောဇဉ် အတိမ်အနက်ဟာ ...

အင်းလေ ... စစ်မှန်သော ချစ်ခြင်းတစ်ခုမှာ နီးစပ်ခြင်းနှင့်

ဝေးကွာခြင်းဟာ ထူးခြားသော ပြောင်းလဲမှုတစ်ခု မဖြစ်နိုင်ဘူးထင်ပါသည် ။

မထင်မှတ်ဘဲ ပင့်သက်ဖွဖွလေး ရှိုက်မိရက်လား ဖြစ်သည် ။

သူ အမြဲတမ်း စိတ်ချမ်းသာပါစေကွယ်။

စောစောတုန်းက ဝရန်တာမှာ ချိတ်ဆွဲထားသော သစ်ခွပန်းခြင်းလေးများကို ရေကရားနှင့် လာလောင်းပေးဖို့ ဒေါ်ဒေါင်းအပေါ်တက်ခဲ့သည်

ပြန်ဆင်းအလာမှာ ပိုက်ကို ခပ်တိုးတိုး သတင်းတစ်ခုပေး၏။

"ဆရာနွေ ... အိပ်ရာနိုးနေပြီ၊ နိုင်ငံခြား တယ်လီဖုန်းဝင်လာလို့ အခန်းထဲ သွားပြောနေတယ်၊ သူ့အမျိုးသမီးဆီကပဲဖြစ်မယ်"

လှေကားပေါ်တက်တော့မည့် သူမ ခြေလှမ်းအစုံ တုန့်ခနဲ ဖြစ်၏။

"သွားလေ သမီးရဲ့ ၊ ဘာဖြစ်လို့ လဲ"

ဒေါ်ဒေါင်းသတိပေးမှ သူမဆက်ပြီး တက်ခဲ့မိတာ။

အဲဒီအချိန်နဲ့ အခုအချိန်ဟာ မိနစ်နှစ်ဆယ်ကျော် ကွာခဲ့ပြီ။

သူ့စကား မပြတ်သေးဘူး ထင်တယ်။

ပြီးရင်တော့ သူ အပြင်ထွက်လာမှာ ။

ဒေါ်ဒေါင်း ပြင်ဆင်ပေးထားသော နံနက်ခင်းစာကို သူဆင်းပြီး စားသောက်ရဦးမည် မဟုတ်လား။

သူ့အမျိုးသမီး၏ အသံချိုချိုကို နားဆင်ခွင့်ရသော သူ့နှလုံးသားများသည် ချိုမြိန်နွေးထွေးမှုနှင့် လန်းဆန်းနေလိမ့်မည်။

ဒီနေ့မြင်ရသော သူ့မျက်နှာဟာ ခါတိုင်းထက် ချိုကြည်နေမှာ သူမမြင်ယောင်သည် ။

ဘာပဲဖြစ်ဖြစ် သူမကတော့ သခင်မျက်နှာကို အရိပ်လို ငေးကြည့်နေတတ်သူ တစ်ယောက်ပဲလေ။

သခင်၏ ပျော်ရွှင်မှုများကို သူမ နှစ်သိမ့်ကျေနပ်ပါသည် ။

နွေသခင်သည် ရေမြှုပ်မွေ့ရာပေါ် ခေါင်းအုံးနှစ်လုံးဆင့်ကျောမှီထားရင်း ချည်ဘောင်းဘီပွပွကြီး ဝတ်ထားသော ခြေထောက်များကို ချိတ်လျက် ပက်လက်အနေအထားနှင့် ဖုန်းပြောလျက်သားမှ ပင် အခန်းပြင်ဘက်၌ ခပ်ရိပ်ရိပ် လှုပ်ရှားနေသော ပုံသဏ္ဌာန်တစ်ခုကို မျက်ဝန်းက မြင်နေရ၏။

ပိုက်ပိုက် ဘယ်တုန်းက အပေါ်ရောက်လာသလဲ သူမသိ။

ခုန ဒေါ်ဒေါင်းကိုတော့ ရိပ်ခနဲ မြင်လိုက်သည် ။

မနက်မိုးလင်းတာနှင့်ကိုယ့်အလုပ်ကိုယ် တာဝန်ကျေနေတာမြင်တော့ ကျေနပ်ဖွယ် ကောင်းပါသည် ။

"ကိုနွေ ... ဒီမှာ မနေ့က မိုးနည်းနည်းရွာတယ် သိလား၊ ငွေချည့်စိတ်တွေ ဘာဖြစ်မှန်းမသိဘူးကွာ၊ ယူ့ကို အရမ်းလွမ်းတယ်၊ တကယ်ပြောတာ၊ ငွေချည် မျက်ရည်တောင်ကျမိတယ်"

"ငွေချည်တောင် အဲသလိုဖြစ်မိသေးရင် ကိုယ် ဘယ်လိုနေမလဲ စဉ်းစားကြည့်"

"သွား ... ယူပြောလိုက်ရင် ဒါပဲ"

"ဟ ... အဲဒါမပြောလို့ ဘာပြောရမလဲ၊ ကိုယ်တို့ အတူ

နေသင့်တာကြာပြီ"

"အကြိမ်တစ်ရာလောက် ရှိပြီ"

"အကြိမ်တစ်ရာမှာ တစ်ကြိမ်လောက်တော့ နားဝင်ပါကွာ"

"အိုင် စာချုပ်မပြည့်သေးတာ သိရဲ့ နဲ့ ထပ်ပြောနေတာ အိုင်ငိုရအောင်လား မောင်ရယ်"

"ဆောရီး ... ဆောရီး ၊ မင်းလေး လောဘတွေ လျှော့နိုင်ဖို့ မောင် သတိပေးတာပါ"

"မောင့်လိုမှ မချမ်းသာဘဲ၊ လောဘကြီးမှ သာ တော်ကာကျတော့မှာပေါ့"

"ကဲပါကွာ၊ အဲဒါထားလိုက်တော့ ၊ နောက် ဘယ်နေ့ဖုန်းထပ်ခေါ်မလဲ၊ ပြော ... ကိုယ်စောင့်လို့ ရအောင်"

"ဟုတ်သားပဲ ... ငွေချည်မေ့နေတယ်၊ အိုင် ... ထရစ်တွေ ရှိသေးတယ်ကွ၊ နေဦး ... နောက်တစ်ပတ်လောက်အထိ သွားရမှာ ၊ အိပ်ရေးတောင်ဝမှ မဟုတ်ဘူး ၊ မောင် ဒီလိုလုပ်၊ ပြောစရာရှိရင် ဖုန်းဆက် လိုက်လေ၊ အိုင့်အခန်းထဲက ကောင်မလေးကို မှာ ထားခဲ့မယ်၊ မောင်ပြောချင်တာရှိရင် ကက်ဆက်ထဲ ဖမ်းထားလို့ ရအောင်"

"ကျွတ် ... ကိုယ်က မင်းနဲ့ ပြောချင်တာ၊ ကိုယ်တစ်ယောက်တည်း လျှောက်ပြောနေရင် ဘာအဓိပ္ပာယ်ရှိမှာ လဲ"

" မဟုတ်ဘူး လေ မောင်ရာ၊ တကယ်လို့ အရေးကြီးတာရှိရင်"

"ငွေချည်နဲ့ ပတ်သက်သမျှ အရေးကြီးတာချည်းပဲ ဖြစ်နေမယ်"

"အမယ် ... သူမေ့တုန်းက အိုင့်ကိုမေ့နေပြီး၊ ခုမှ "

နွေသခင် ကြည်နူးစွာ ရယ်လိုက်သည် ။

ချစ်သူလေးဆီက ဆောင့်အောင့်ငြူစူသံလေးလည်း ကြားချင်ပါသည် ။

အမြဲတမ်း အေးဆေးလေးနက်တဲ့ စကားတွေပဲ ပြောနေရတာ ငြီးငွေ့သည် ။

တစ်ခါတလေ ရန်တွေ့ပါ။

ကိုယ် မခံမရပ်ဖြစ်အောင် စကား လုံးတွေနဲ့ နှိပ်စက်စမ်းပါ။

ဝေးကွာနေချိန်မှာ မင်းလေး သွေးအေးသွားမှာ ကိုယ်စိုးပါတယ် ငွေချည်ရယ်။

မင်းဆီက စိတ်လိုလက်ရ "မောင်" လို့ ဖွဖွခေါ်လိုက်တိုင်း ရင်ထဲ နွေးသွားရတဲ့ ရသကို ကိုယ်အရမ်းကြိုက်ပါတယ်။

အရမ်းလူကြီးဆန်သော မိန်းကလေးထံမှ ချွဲနွဲ့တတ်မှုလေးတွေက သူ့ကို ဖမ်းစားနိုင်တယ်ဆိုတာ သူပြောချင်လှသည် ။

"ရယ်မနေနဲ့ ကွာ ... မောင့်ရယ်သံကြားရင် မျက်နှာလေးပါ မြင်ချင်လာတယ်၊ ငွေချည် အသည်းယားတယ်၊ အတောင်ပံပါရင် ခဏလေးဖြစ်ဖြစ် မောင့်ဆီပျံလာချင်တယ်"

"ဟော့ ... ဟော့ ကိုယ် ဒီည အိပ်ပျော်မှာ တောင် မဟုတ်တော့ဘူး"

ငွေချည် ရယ်သံလေးက ဆည်းလည်း သံလို သာယာသည် ဟု ထင်မိ၏။

ထိုအခိုက်အတန့်မှာ တော့ နွေသခင် နှလုံးသားထဲ ကြည်မွေ့လှိုင်းခတ်နေရ၏။

ကိုယ်တို့ ဘယ်တော့လောက် သေချာဆုံစည်းနိုင်ကြမလဲ။

အတူဆုံရသော ရက်ကလေးတွေ ရှားပါးလွန်းလှတာ။

ဒါပေမဲ့ အဲဒါကိုပဲ ပြန်တမ်းတမိသည် ။

လွန်ခဲ့သော တစ်လလောက်က သူမနှင့်ကိုယ် မလေးရှားနိုင်ငံမှာ လေးငါးရက်ခန့် အတူတူ သွားလာလည်ပတ်ခဲ့ရသေးသည် ။

မမေ့နိုင်စရာဘဲ။

ကွာလာလမ်ပူမှာ စတိတ်ရှိုးကြည့်ရတဲ့ ညကိုတော့ အလွမ်းဆုံးပါပဲ။

အပြန်ညချမ်းမှာ သူမတည်းခိုရာဆီ ပခုံးလေးပွေ့လို့ လိုက်ပို့ခွင့် ရခဲ့တာလေးဟာ ပြန်တွေးတိုင်း ရင်ခုန်ချင်စရာ ကောင်းသည် ။

"ကိုယ်တို့ ပြန်တွေ့ကြဖို့ ကြိုးစားရင်ကောင်းမယ် ငွေချည်"

"အချိန်တွေ အများကြီး ရှိပါသေးတယ် မောင်ရယ်၊ ငွေချည်လည်း လွမ်းတာပဲ"

နွေသခင် သက်ပြင်းရှိုက်သည် ။

အလွန်ကြီးပွားချမ်းသာချင်သော ဒီအမျိုးသမီးကို ကိုယ်ဘာများ ထပ်ပြောစရာရှိဦးမှာ လဲ။

အချိန်တစ်ခုကို သူမ စိတ်တိုင်းကျ စောင့်စားရုံသာ ရှိတာပဲလေ။

"မောင် ... ဟော့ ဘာလို့ တိတ်သွားတာလဲ"

"အင်း"

"တော်ပြီနော်"

"အင်း"

"ဘိုင့်ဘိုင်"

နွေသခင်သည် လက်ထဲက ဖုန်းခွက်ကို ပုခက်ပေါ် ပြန်တင်လိုက်သည်။

သည် နေ့ သွားစရာရှိသည့်ကိစ္စများကို ခေါင်းထဲ တစ်ချက်တော့ စဉ်းစားလိုက်သည်။

အလုပ်ကိစ္စတွေထဲ နစ်မြုပ်နေတာပဲ အကောင်းဆုံး။

ခုတင်ပေါ်ကနေ ဖျတ်ခနဲ လှမ်းဆင်းလိုက်သည်။

ရေ အရင်ဦးဆုံး ချိုးလိုက်မှ ပဲ။

စိတ်ထဲမှာ တွေးရင်း ဝတ်ထားသော ချည်အင်္ကျီပွပွကြီးကို ခေါင်းစွပ်ဖို့ လက်ပြင်ထုတ်ပြီးမှ ခေါင်းပေါ်က ဆွဲချွတ်လိုက်၏။

အင်္ကျီနှင့်ဘောင်းဘီက အသွေးတူ အရောင်တူ။

ဘောင်းဘီကြိုးကို ဖြည်မည်ပြင်ဆဲ ...

"ဗွမ်း ... ခလွမ်း"

"အမေ့"

သွားပါပြီဟု သိလိုက်၏။

သူ နိုင်ငံခြားက ဝယ်လာတဲ့ ဖိုတိုစတန်းလေး ...

အမှတ်တမဲ့ လွတ်ကျကွဲကျေသွားရပြီ။

ဒုက္ခပါပဲ၊ ဘယ်လိုလုပ်ရမလဲ။

ပိုက် ပျာယာခတ်သွားမိသည်။

မျက်လုံးအပြူးသားလေးနှင့် ကမန်းကတန်း ဒူးထောက်ထိုင်ချပြီး မှ

န်ကွဲစတွေကြားထဲ ပြုတ်ထွက်ကျိုးပဲ့သွားသော ဖိုတိုစတန်းလေးကို နှမြောစိတ်နှင့် ကောက်ယူလိုက်၏။

"ဘာဖြစ်တာလဲ"

"အင်း"

ပိုက် ကိုယ်ကလေး ဆတ်ခနဲ တွန့်သွားရ၏။

ခေါင်းကို မော့အကြည့်မှာ နွေသခင့်ကို တွေ့ရတာမို့ ရင်ထဲ ပိုမိုတုန်လှုပ်သွားရသည် ။

နွေသခင်က အသံတွေကြားရလို့ ထွက်လာတာမဟုတ်။

ဇာခန်းဆီးကြားမှာ သူမလှုပ်ရှားမှု ပျာယီးပျာယာကို တွေ့မိလို့ သာထွက်ကြည့်တာ ...

"ဟို ... ဟို ... ဒါလေး"

ပရပိုက်အသံလေးက တိုးတိမ်ထစ်ငေါ့စွာ။

သူက သိပ်စိတ်မရှည်နိုင်သလို အနားကို လျှောက်လာရင်း ...

"ပြစမ်း"

ပိုက်လက်ထဲကနေ ဆွဲယူကြည့်၏။

သြော် ...။

ငွေချည် ကြိုက်တယ်ဆိုလို့ ဟိုကနေ ဝယ်လာတဲ့ စတန်းလေးပဲ။

ခတ်ပုံထဲမှာ ငွေချည့်မျက်နှာ အနီးကပ်လေးက နှုတ်ခမ်းစေ့ကာ ပြုံးတုံ့တုံ့။

ပိုက်ကို သူဆူတော့မယ်ထင်တယ်။

သူ့ချစ်သူ ဓာတ်ပုံကိုမှ နမော်နမဲ့ ခွဲချမိတာကိုး။

ပိုက်သည် မျက်နှာကလေး ပျက်ပျက်နှင့် သူဘာပြောမလဲဟု စောင့်စားနေမိသည် ။

နွေသခင်က ခဏငုံ့ကြည့်ကာ ငြိမ်သက်နေ၏။

ပြီးမှ ...

"မှန်ကွဲစတွေ လှည်းလေ"

"ရှင်"

"ဟာ ... လှည်းပါဆို ဘာကြောင်ကြည့်ပြီး ထိုင်နေတာလဲ"

"ဟုတ် ... ဟုတ်ကဲ့"

ပရပိုက်ခင်က မယုံနိုင်စွာ ခေါင်းလေးညိတ်ရင်း တံမြက်စည်းနှင့် ကျုံးစရာ မတ်တတ်ဂေါ်ပြားလေးကို သွက်သွက်လက်လက် ပြေးယူသည် ။

နွေသခင်သည် ငွေချည့်ပုံလေး ကျကွဲတာကို မကြိုက်နိုင်သော်လည်း ဘာမှ မပြောနေတော့ပါ။

မတော်တဆ ဖြစ်တာပဲ။

သည် ကြားထဲ ဟိုကလေးမက ဘာတွေ ကြောက်လန့်နေမှန်းမသိ။

နောက်တစ်ခါ ဒါမျိုးမဖြစ်ပါစေနဲ့ ဟု ပြောမည်ပြင်သော နွေသခင့် နှုတ်ခမ်းတွေပင် ပွင့်မလာတော့ပါ။

သူ့အမှား သူကြောက်နေတဲ့ ပုံလေးမို့ မပြောရက်တော့ပါ။

ဓာတ်ပုံလေးကို တယုတယ ထုတ်ယူလိုက်သော နွေသခင့်ကို ပရပို

က် မရဲတရဲ မော့ကြည့်မိ၏။

နက်မှောင်တိုကပ်သော ဆံပင်လေးတွေမှာ အနည်းငယ် ပွရောင်းလျက်။

သူ့မျက်နှာသည် ပြည့်ပြည့်ဖောင်းဖောင်း မျက်နှာမျိုး မဟုတ်။

နှာတံပေါ်လွင်ကာ မေးရိုးထင်ရှားသော၊ မျက်နှာပေါ်အသားစိုင် ထူထူတွေ မရှိသော၊ ယောကျ်ားပီသသော မျက်နှာပြင် ခပ်ဆန်းဆန်းသာဖြစ်သည် ။

သိပ်ချောသည် ဟု မဆိုနိုင်သော်လည်း ဘာတစ်ခုခုက ဆွဲဆောင်နေမှန်း မသိ။

ဘယ်တော့မှ ကြည့်၍ မရိုးနိုင်ပေ။

သူ ရယ်လိုက်လျှင် … သူပြုံးလိုက်လျှင်လည်း မျက်နှာမှာ အလွန်ချို၍ ကြည့်ကောင်းလှသည် ။

မျက်ဝန်းများမှာ စူးရှသော်လည်း မခက်ထန်ပေ။ နူးညံ့သော၊ နွေးထွေးသော၊ နားလည်မှုရှိသော ငဲ့ညှာသော၊ ပညာတတ်ဆန်သော၊ အခြား သူမ မသိနိုင်သော အဓိပ္ပာယ်တွေအများကြီးနှင့် အလွန်တရာ သိမ်မွေ့သော အကြည့်များ လည်း သူ ပိုင်ဆိုင်သည် ။

ထိုမျက်ဝန်းများကို အရာရာထက် သူမမြတ်နိုးသည် ။

သူ့အကြည့်၊ သူ့မျက်ဝန်းများ သည် သူမအတွက် တန်ဖိုးမဖြတ်နိုင်သော ခွန်အားလည်း ဖြစ်သည် ။

ထို့ကြောင့် သူမ အထွက်အမြတ်အထားဆုံး လူသားတစ်ဦးမှာ ဤကမ္ဘာလောက၌ နွေသခင် တစ်ဦးတည်းသာ ဖြစ်သည် ။

ဤ လူကြီးမှာ သူမအတွက်လည်း မိခင်လည်း ဖြစ်သည် ။ ဖခင်လည်း ဖြစ်သည် ။

ဦးလေးသားချင်းလို အစ်ကိုရင်းတစ်ယောက်လို သတ်မှတ်ရင်လည်း ရသည် ။

သူမအနေနှင့် ဘဝ၏ ကျေးဇူးရှင်အဖြစ် ရှိခိုးဦးချထိုက်သူ၊ ဆရာသမားအဖြစ် လေးစားရိုကျိုးရသူ၊ တစ်ဦးတည်းသော သံယောဇဉ်အဖြစ် အားကိုးတွယ်တာရသူမှာ လည်း သူသာလျှင် ဖြစ်သည် ။

သူမနှစ်သက်သော အပြုအမူများကို ပရပိုက် ဘာတစ်ခုမှ မကျူးလွန်ချင်ပါ။

သူ့အမျိုးသမီးကလေး၏ ဓာတ်ပုံကို ကျကွဲစေသည် မှာ လုံးဝမမျှော်လင့်သော မတော်တဆ အဖြစ်အပျက်တစ်ခုပါ။

သူ့အနေနှင့် သူမကို ဒေါသတကြီး ဆူပူရုံမက ရိုက်နှက်လျှင်ပင် သူမ ခံယူဖို့ အသင့်။

ထိုအချိန်မှာ သူက အပြစ်တင်စကား တစ်ခွန်းတလေမှ မဆိုတာမို့ ပရပိုက် မျက်ဝန်းကလေးတွေ တဖျပ်ဖျပ် အရောင်လက်ကာ ကျေးဇူးတင်စိတ်နှင့် သူ့ကို ခိုးမော့ကြည့်မိတာ။

ရှင်သိပ်ကို စာနာတတ်မှု ရှိတာပဲနော်။

နွေသခင်ကမူ ပရပိုက် အကြည့်ကိုမတွေ့ပါ။

အေးအေးလူလူပင် ငွေချည့်ဓာတ်ပုံကို စိုက်ကြည့်နေသည် ။

ပိုက်က မှန်ကွဲစများကို ကျုံးယူလွှင့်ပစ်ဖို့ ပြင်သည် ။

"ပိုက်"

"ရှင်"

သူက ပိုက်ကိုမကြည့်ဘဲ ခပ်တိုးတိုး ခေါ်လိုက်သော်လည်း ပိုက်ကတော့ သူ့ထံ အလျင်စလို မျက်ဝန်းရောက်သည် ။

ပိုက် ဦးခေါင်းသည် သူ့ရင်ဘတ်နေရာလောက်သာ မြင့်သည် မို့ သူ့ကိုကြည့်တိုင်း မော့ကြည့်ရပါသည် ။

သူ့မျက်ဝန်းများ နှင့် မဆုံတာမို့ မျက်လွှာအတိမ်းမှာ သူ့ရင်ဘတ်က မွေးညင်းနုနုများကို အမှတ်မထင် ကြည့်မိ၏။

ပခုံးကျယ်ကျယ်၊ ရင်ကားကား အလယ်မှာ အညိုနုရောင် မွေးမျှင်တို့ ရှိနေတာ လှလိုက်တာ။

နွေးဖျော့သော နေရောင်မှာ တလက်လက်ပင် အရောင်ပြေးလို့ ။

အမြဲပင် အဝတ်အစားကို သပ်ရပ်ပြည့်စုံစွာ ဝတ်နေကျမို့ အင်္ကျီကင်းမဲ့သော သူ့သဏ္ဍာန်သည် ပရပိုက်အမြင်မှာ ဆန်းနေရ၏။

နွေသခင် ဆတ်ခနဲ ငုံ့အကြည့်မှာ သူမ မျက်လွှာလေး ချလိုက်မ၏။

"အောက်ထပ်က ဗီရိုထဲမှာ စတန်းအသစ်တွေရှိသေးတယ်၊ သွားယူလိုက် ပိုက်၊ ဒီပုံနဲ့ ဟို ... ကြည်ပြာရောင်လေးဆို အိုကေမလား၊ ဟာ ... နေဦး၊ အဲဒါက ဘဲဥပုံထင်တယ်၊ မထူးပါဘူး၊ ရှိတာ အကုန်သာယူခဲ့၊ အဆင်ပြေတာပဲ သွင်းလိုက်မယ်၊ အခုချက်ချင်း ပြန်မထည့်ရင် ကိုယ်မေ့ချင်မေ့နေမှာ "

သူ စကားပြောလျှင် စိတ်ရှည်အေးဆေးလှသည် ။

"ဟုတ်"

ပရပိုက် ခေါင်းလေး ညိတ်ကာ ထွက်ခဲ့သည် ။

လည်ကတုံးရှပ်အဖြူပေါ်တွင် ကွမ်းရိုးစင်းအပြာ ခပ်ကျဲကျဲပါသော အင်္ကျီလက်ရှည်လေးနှင့် ပါတိတ်အပြာရောင်ကလေးကို ဝတ်ဆင်ထားသော ကလေးမသည် တစ်စစနှင့် မျက်စိရှေ့မှာ ပဲ မိန်းမရွယ်လေးတစ်ဦးအသွင် ဖြစ် လာပြီ။

ကျောခိုင်းပျောက်ကွယ်သွားတာကို နွေသခင် ခဏကြည့်နေပြီးမှ မိမိခန္ဓာကိုယ်မှာ အင်္ကျီဗလာဖြစ်နေတာကို သတိပြုလိုက်မိသည် ။

ဓာတ်ပုံကို စားပွဲပေါ်ခဏထားပြီး အခန်းတွင်းသို့ လှစ်ခနဲဝင်ကာ ချော့ကလက်ရောင် လောင်းကုတ်ရှည်တစ်ထည်ကို အင်္ကျီစင်ပေါ်မှ လှမ်းယူစွပ်လိုက်ပြီးနောက် ခါးကြိုးများကို စည်းနှောင်ရင်း အပြင်သို့ ပြန်ထွက်ခဲ့သည် ။

သည် တစ်ခါတော့ ပရပိုက်သည် ပန်းနုရောင် ယိုးဒယားဆွဲခြင်းလေးထောင့်လေးနှင့် ဖိုတိုစတန်းအချို့ကို ထည့်ယူသယ်ဆောင်လာတာတွေ့ရ၏။

တချို့မှာ ပက်ကင်တွေတောင် မဖြည်ရသေး။

"ဒီမှာ ချ"

"ဟုတ်"

နွေသခင်က ပါကေးခင်းပေါ် ဒူးထောက်ထိုင်ချပြီး ဆွဲခြင်းကို သူ့ရှေ့ချခိုင်း၏။

"ဒါတွေ ဖြည်လိုက်"

ပရပိုက်က ပက်ကင်စက္ကူတွေကို ခွာပေးသည် ။

သူသည် ငွေချည့်ဓာတ်ပုံကို ဘယ်စတန်းထဲ ထည့်ရမလဲဟု သေချာ

ရွေးချယ်သည် ။

အလွန်အလုပ်များ သော လူတစ်ယောက်သည် မိမိချစ်သူအတွက် လို လိုချင်ချင် တယုတယ အချိန်ပေးနိုင်ကြောင်း နွေသခင့်ကို တွေ့ရပြီးချိန် တွင် သူမ ကောင်းစွာ ယုံကြည်လာသည် ။

"ရပြီ ... ရပြီ ဒါတွေ ပြန်သိမ်းလိုက်တော့ ဟုတ်လား"

သူက ဘောင်သွင်း ဝက်အူပြန်စုတ်ပြီးသွားသော ဆင်စွယ်ရောင် ဖို တိုစတန်းလှလှလေးကို လက်ဆန့်တန်းပြီး တစ်ချက်ကြည့်ပြီးနောက် အညိုဖျော့ဖျော့ မှန်စားပွဲပေါ် ဖြည်းဖြည်းသာသာ လှမ်းတင်ထားလိုက် ၏။

ပရပိုက်သည် ကြမ်းခင်းပေါ် အမှိုက်တစ်စ မကျန်ရစ်အောင် သိမ်း ဆည်းပြီးနောက် သူ့ထံ သေသေချာချာမကြည့်ဘဲ ...

"ဦးခင်"

"ဟင်"

သူ ထူးသံဟာ အမှန်တော့ "ဟင်" မဟုတ်၊ နှုတ်ခမ်းကို လုံးဝမဖွင့် ဘဲ လည်ချောင်းထဲက ဟွန်ဟု ထူးတာ။

ထိုသံကို သူမ အလွန်ကြိုက်နှစ်သက်သည် ။

"ဒီနေ့ ငါးကန်တွေ ကလင်းနင်း လုပ်ဦးမှာ လား"

သူခေါင်းခါသည် ။

"ကိုယ် မအားသေးဘူးကွာ"

"ဒါဆို ပိုက် သွားတော့မယ်နော်"

သူ ခေါင်းဆတ်ရုံ ဆတ်သည် ။

ပိုက်သည် ဖြည်းဆေးသော ခြေလှမ်းလေးများ နှင့် အောက်သို့ ဆင်း သွားတော့သည် ။

မနက်ခင်းသည် ခံစားတတ်သူအတွက် နက်နဲသော ကဗျာတစ်ပုဒ်လို လှပနူးညံ့နေဆဲ။

***

ဘောင်းဘီနက်ပြာနှင့် ကြွေရောင်လက်နေသော ဖြူဆွတ်ဆွတ်အင်္ကျီမှာ နက်တိုင်အပြာစင်းလေးချည်ပြီး သပ်ရပ်သား နားစွာ နွေသခင် လှမ်းဝင်လာသည် ။

ခြေလှမ်းများက မြန်သည် လည်း မဟုတ် နှေးသည် လည်း မဟုတ်။

ရဲရင့်တည်ငြိမ်မှုနှင့် ကြည့်ကောင်းစွာ။

ဖိုင်အညိုလေးတစ်ခုကို ခပ်ဆဆ ကိုင်လာရင်းပေါ်လစ်ရောင် ပြောင် လက်နေသော ကျွန်းစားပွဲမှာ အေးဆေးစွာ ဝင်ထိုင်သည် ။

"ဒေါ်ဒေါ်င်းရော"

"ဒေါ်ဒေါ်င်းက အဝတ်လျှော်နေပြီထင်တယ် ဦးခင်၊ ခေါ်လိုက်ရမ လား"

ပိုက်က ဂက်စ်မီးဖိုပေါ်က အိုးထဲ ဇွန်းနှင့်မွှေနေရာမှ လှည့်ပြောသည် ။

"ရတယ် ... မခေါ်ပါနဲ့ "

"ဦးခင် ဘာလိုလို့ လဲဟင်"

သူက ခေါင်းကို ဖြည်းဖြည်းယမ်းလိုက်ရင်း ပန်းကန်ထဲက ထောပတ်သုတ်ပြီးသား ပေါင်မုန့်တစ်ချပ်ကို လှမ်းယူကိုက်ဝါးလိုက်၏။

သူ့မေးရိုးတစ်ဝိုက်သည် စိမ်းရောင်ပြေးလျက် ...

နွေသခင်သည် ပိုက်ထံ တစ်ချက်လှမ်းကြည့်ရင်း ...

"အိမ်အလုပ်တွေချည်းပဲ စွတ်ကူမနေနဲ့ ၊ ပိုက်ပိုက် မင်းဒီနှစ် ဆယ်တန်းနော်၊ လုံးဝမပေ့ါနဲ့ ကြားလား"

သူမက ခေါင်းညိတ်သည် ။

"လိုတာရှိလဲ ပြောဦး၊ ဟာ ... နေဦး ပိုက်အတွက်ဒီလာစာမုန့်ဖိုး မပေးရသေးဘူးနဲ့ တူတယ်၊ ဟုတ်သားပဲ၊ ငါမေ့နေတာ၊ ညနေ ငါပြန်လာရင် သတိပေးစမ်းဟာ၊ သိလား"

"ဟုတ်ကဲ့"

နွေသခင်က သူ့ကိုယ်သူ ကိုယ်က ... ငါက ... ဒါမှ မဟုတ်ဦးခင်က စသည် ဖြင့် အမျိုးမျိုး သုံးစွဲတတ်သည် ။

ပရပိုက်က ဟင်းအိုးဖုံးကို ပိတ်ခဲ့ပြီး နွေသခင့် စားပွဲဆီလျှောက်လာကာ ကြွေကရားထဲက နက်စ်ကော်ဖီကို ပန်းကန်လုံးထဲ ငှဲ့ပေးသည် ။

နွေသခင်ကတော့ မုန့်ဖိုးထုတ်ပေးဖို့ သူ့ဘာသာ သတိထားမှ ပဲဟု တွေးလိုက်မိသည် ။

သတိပေးပါဆိုပေမဲ့ ဒီကောင်မလေးက နှုတ်က ဘယ်တော့မှ ဖွင့်မတောင်းတတ်တာ သူအသိဆုံး။

ဟိုးအရင် စရောက်စကတည်းက အလွန်မျိုသိပ်တတ်တဲ့ မိန်းက

လေး။

နီရုံလေး ကင်ထားသော ပေါင်မုန့်ချပ်ဆီ အကြည့်ရောက်ရင်း ပရပိုက် ဒီအိမ်ကို စရောက်သည့်နေ့က ရှင်မီးအင်္ကျီပုံစံ နွမ်းနွမ်းကလေးနှင့် ဘောင်းဘီတိုကလေး ဝတ်ကာ ပေါင်မုန့်ကင်ပေးပုံကို မြင်ယောင်မိသည် ။

ထိုနေ့က မဲတူးခြစ်သွားသော ပေါင်မုန့်ကို သူမြင်မှာ စိုးကာ လက်နှင့်အုပ်ကာထားရင် မျက်လုံးပြူးပြူးကလေးနှင့် ကြောက်လန့်နေပုံမှာ ရယ်စရာ။

ခုတော့ သူမက အများကြီး ပြောင်းလဲခဲ့ပြီ။

မနက်ခင်းစာကို သပ်ရပ်သန့်ရှင်းစွာ အဆင်ပြေပြေ စီစဉ်တတ်နေပြီ။

အင်းလေ ... အချိန်တွေလည်း အများကြီး ပြောင်းသွားပြီပဲ။

ကောင်မလေးပင် ဆယ်တန်းကျောင်းသူ တစ်ယောက်ဖြစ်နေပြီ။

ပြန်စဉ်းစားလျှင်တော့ ဘာမှ မကြာသေးသလိုပင်။

ဒေါ်ဒေါင်းဆီကို အညာက သူ့ညီမဝမ်းကွဲ ရောက်လာသည် က စ၏။

ထိုမိန်းမနှင့်အတူ ဆယ်နှစ်ခန့်ရှိမည့် ဖြူဖြူသေးသေး ကလေးမလေးတစ်ယောက် ပါလာသည် ။

ဒေါ်ဒေါင်းမှာ သူ့အိမ်တွင် မနက်လာ၊ ထမင်းဟင်းချက်ပြုတ်၊ လျှော်ဖွတ်၊ သန့်ရှင်းရေးလုပ်ပြီး နေ့လယ်လောက် အိမ်ပြန်တတ်သူ။

နှစ်ရှည်ကြာခဲ့ပြီမို့ လူယုံလိုလည်း ဖြစ်နေခဲ့သည် မဟုတ်လား။

ထိုအခါ ဒေါ်ဒေါင်း အကူအညီတောင်းခံတာကို သူစဉ်းစားရပြီ။

"ဒီကလေးက မိဘဆွေမျိုးနီးစပ် တစ်ယောက်မှ မရှိတော့ဘူး ဆရာနွေရဲ့ ၊ အဲဒါဖြစ်နိုင်ရင် ဒီကလေးမကို ဆရာ့အိမ်မှာ ခေါ်ထားပါလား"

နွေသခင်က မျက်မှောင်ကုတ်လျက် တစ်ချက် လှမ်းကြည့်လိုက်သည် ။

ခပ်ကုပ်ကုပ်ကလေး ခေါင်းငုံ့ရပ်နေပုံမှာ ရွံ့တွန့်တွန့်။

တစ်စုံတစ်ယောက်က သူမနာမည်ကို ခေါ်လိုက်လျှင်ပင် ဆတ်ခနဲ တုန်သွားမှာ သေချာသည် ။

"ကျွန်တော် အိမ်စောင့်လိုချင်တယ်ဆိုတာ ယောကျ်ားလေးဗျ၊ အသက်လည်း အနည်းဆုံး ဆယ့်လေးငါးနှစ်လောက်ပြောတာ"

"ဟုတ်ပါတယ်၊ အဲဒါ ဒေါ်ဒေါ်င်း သိပါတယ်ကွယ်၊ ဒါပေမဲ့ ပိုက်ပိုက်ကို ပြန်မလွှတ်ချင်လို့ ပါ"

နွေသခင် ဘယ်လိုပြောရမလဲ စဉ်းစားမရ။

ဒီလို ကလေးပေါက်စလေးကို ခေါ်ထားလို့ ဖြစ်နိုင်ပါ့မလား။

ပြီးတော့ ဒါလေးက ယောကျ်ားလေးဆိုလည်း အကောင်းသား။

"ရှုပ်ရှုပ်ယှက်ယှက်လည်း ဘာမှ မရှိဘူး၊ တစ်သက်လုံး နောက်ကြောင်းအေးမှာ ပါ၊ သူကလည်း ဒီမှာ နေချင်တယ်လို့ ပြောနေတယ်"

"ဟုတ်လား ... ဟော့ ... ပိုက်ပိုက် မင်းနာမည် ပိုက်ပိုက်နော်"

"ပရပိုက်ခင်ပါ"

မျက်ခုံးပင့်ကာ ရယ်ချင်ပြုံးကြီးနှင့် ကြည့်လိုက်သော လူကြီးကို ပရပိုက် မရဲတရဲ မော့ကြည့်မိ၏။

နာမည်က တယ်ဟုတ်ပါလားဟု ဆိုလိုချင်ဟန် မျက်နှာအမူအရာကို သူမ နားလည်သော်လည်း ထိုလူကြီးကို ကြည့်နေရတာ လမင်းကြီး သာနေတာကို မြင်ရသလိုပဲ ထင်မိ၏။

အားငယ်စိတ်တွေဟာ ထူးထူးခြားခြား ပျောက်ဆုံးလို့။

ဘဝပေးအခြေအနေအရ သူမသည် တခြားသော ဆယ်နှစ်အရွယ်ကလေးတွေထက် ခံစားချက် ရင့်သန်နေတာ အမှန်။

အားကိုးရာမဲ့ ဘဝမို့ ကြင်နာသဘောကောင်းဟန် လူတစ်ယောက်ကို မြင်မြင်ချင်းပင် အားထားမိ၏။

သူမ သွေးခုန်နှုန်းတွေက တဒိတ်ဒိတ်ဖြင့် မြန်ဆန်လို့ နေသည် ။

"ကဲ ... ဆိုစမ်းပါဦး၊ မင်းက ဘာကြောင့် ဒီမှာ နေချင်ရတာလဲ"

"ဒီမှာ နေရင် ကျောင်းတက်ရမယ်လို့ ဒေါ်ဒေါ်င်းက ပြောလို့ ပါ"

စိတ်ထဲက အဖြေနှစ်ခုအနက်မှာ တစ်ခုကိုပဲ ပရပိုက်ဖြေသည် ။

နောက်တစ်ခုကိုတော့ သူမ ပြောဖို့ မရည်ရွယ်။

စိတ်လှုပ်ရှားစရာ၊ အံ့သြစရာ ကောင်းလိုက်တာ။

သူမသည် သည် အိမ်မှာ နေပါရစေဟု ဒေါ်ဒေါ်င်းကိုရော ကြီးကြီးမြကိုပါ ပူဆာထားသည် ။

သူတို့ ရအောင် ပြောပေးမှာ ပဲ။

ဒါပေမဲ့ ဒီလူကြီးက မထားဘူးဆိုလျှင်တော့ ဘာမှ မတတ်နိုင်တာ သူမ သိသည် ။

ထားလိုက်ပါစေဟု စိတ်ထဲက ကြိတ်ပြီး ဆုတောင်းသည် ။

ကလေးပီပီ မျက်ဝန်းကလေးတွေမှာ လည်း မျှော်လင့်ခြင်းအပြည့်။

"ဟုတ်ပါပြီ ... ကျောင်းနေရပြီလား၊ မင်းဒီမှာ တစ်ယောက်တည်း နေရဲလို့ လား၊ ဦးက ဟိုအိမ်ကြီးပေါ်မှာ တစ်ယောက်တည်းနေတာ၊ ပြီး တော့ အပြင်သွားသွားနေတာ တကယ်လို့ ဒီမှာ နေပြီဆို မင်းတစ်ယော က်တည်းပဲ နေရမှာ နော်၊ စဉ်းစားကြည့်စမ်း၊ ဦးပြောတာရော နားလည် ရဲ့ လား၊ ဒေါ်ဒေါ်ပင်းကလည်း နေ့လယ်ဆို သူ့အိမ်ပြန်မှာ "

နွေသခင်က ကလေးမလေး သဘောပေါက်အောင် ရှည်လျားစွာ ရှင်းပြသည် ။

ပရပိုက်သည် သူ့စကားကြောင့် တစ်ချက်စဉ်းစားဟန်ပြု၏။

သည် အရွယ်ကလေးနှင့် မျက်နက်ဆံလေးရွှေ့ကာ စဉ်းစားလိုက်ပုံမှာ အံ့အားသင့်စရာပဲ။

အဝတ်အစား နွမ်းပါးသော်လည်း ချာတိတ်မလေး ရုပ်ရည်မှာ ဖြူဖြူ စင်စင်နှင့် လှပသော ရုပ်ကလေး ဖြစ်၏။

ဆံပင်တွေ နီကြောင်ကြောင်နှင့် ပစ်စလက်ခတ် ပုံစံလေးမှာ ပင် မျ က်တောင်ကော့ကော့၊ ပါးဖောင်းဖောင်းက အတင်းတိုးထွက် ချစ်စရာ ကောင်းနေသေးသည် ။

နွေသခင် နှမြောစိတ် ဝင်၏။

မိဘရင်ခွင်မှာ အလိုလိုက် အကြိုက်ဆောင်ခြင်းနှင့် ဖြည့်ဆည်းမှု အ ဝဝခံယူနေရမည့် အရွယ်မျိုးမှာ သနားစရာ ကောင်းလှပါလား။

"သူနေဖို့ မလွယ်ဘူး ဒေါ်ဒေါ်ပင်းရ၊ အဲဒါရော တွေးမိရဲ့ လား"

"သိပါတယ် ဆရာနွေရယ်၊ အဲဒါတွေ သူ့ကို ကျွန်မသေချာပြောပြ

ထားပြီးသားပါ"

နွေသခင် အကြည့်က ပရပိုက်ထံ ပြန်ရောက်၏။

ထိုစဉ်မှာ သူမက ဆုံးဖြတ်ပြီးစီးပုံဖြင့် ...

"ပိုက် နေရဲပါတယ်"

"နေရဲတယ်"

"ဟုတ်ကဲ့"

"ဒီဂိုဒေါင်ထဲမှာ မင်းတစ်ယောက်တည်း အိပ်ရမှာ နော်"

သူမက ရေရာဟန်လေးနှင့် ခေါင်းညိတ်၏။

သူမ သတ္တိကောင်းလှတာကိုတော့ နွေသခင် သဘောကျသွားရသည်
။

"မင်း တကယ်တစ်ရက်လောက်ပဲ နေကြည့်ဦး၊ အဖော်လည်း ဘယ်သူမှ မရှိဘူး၊ ပြန်ပြေးချင်စိတ် ပေါက်မှာ ၊ အရင်ကောင်လေးတွေတောင် မင်းထက် အများကြီး အသက်ကြီးတာနော်၊ အဲဒီကောင်လေးတွေတောင် ဘယ်သူမှ မနေနိုင်ဘူး"

"ရပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ ရအောင်နေပ့ါမယ်"

နွေသခင်က ဒေါ်ဒေါင်းဘက် မျက်စပစ်၏။

"ထားကြည့်ပါ ဆရာရဲ့ ၊ ကျွန်မလည်း မနက်ပိုင်း လာလာနေတာပဲ၊ ဆရာလည်း တောက်တိုမယ်ရ ခိုင်းလို့ ရ၊ ခြံစောင့်လည်း မလိုတော့ဘူး ပေါ့"

"ကျွန်တော် မထားချင်လို့ ပြောနေတာ မဟုတ်ပါဘူး၊ ဖြစ်နိုင် မဖြစ် နိုင်ဆိုတာ"

"ဩော် ... ဖြစ်နိုင်ပါတယ်"

ဒေါ်ဒေါင်းကတော့ တင်းပြည့်ကျပ်ပြည့်ကို ထောက်ခံတိုက်တွန်းနေတော့သည် ။

"ဟုတ်ပါတယ် ဆရာရယ်၊ ဆရာမှ ခေါ်မထားဘူးဆိုရင် သူ့ကို ကျွန်မ အညာပြန်ခေါ်သွားရမှာ ၊ ဟိုမှာ လည်း စောင့်ရှောက်မယ့်သူ ရှိတာ မဟုတ်ဘူး ၊ ဒီမှာ ထားခဲ့မယ်ဆိုလည်း အကြောင်းမသိတဲ့ သူစိမ်းတွေဆီပဲ ပို့ရမှာ ၊ အိမ်ဖော်သဘောမျိုးကြီးလည်း မဖြစ်စေချင်ဘူးလေ၊ သူက လေးတန်းအောင်ပြီးသား၊ စာသိပ်တော်တယ်၊ ကျောင်းဆက်နေချင်လို့ သာ ရန်ကုန်ကိုလိုက်လာတာ၊ ဆရာ့ဆီမှာ ဆို ဘယ်လိုပဲဖြစ်ဖြစ် ကျောင်းထားပေးမှာ မဟုတ်လား၊ အဲဒါလေးပဲ သူ မျှော်လင့်ရှာတာပါ"

ဒေါ်ဒေါင်းညီမကပါ ဝင်ရောက်ပြောဆိုပေးပြန်ရာ နွေသခင် ခေါင်းသာဖွဖွကုတ်မိတော့၏။

"ဒီလိုလုပ်ဗျာ၊ တစ်ရက်နှစ်ရက် အစမ်းထားကြည့်လိုက်ပေ့ါ၊ သူမနေနိုင်ဘူးဆိုလည်း ပြန်ခေါ်လို့ ရအောင်"

"အမယ်လေး ... သူနေမှာ ပါ၊ ဒီလောက်ကောင်းတဲ့ နေရာ ဘယ်မှာ လိုက်ရှာလို့ ရတော့မလဲ"

"ဟုတ်ကဲ့ ... ပိုက် ကတိပေးပါတယ်"

နွေသခင်ကတော့ ခေါင်းကလေးဆတ်ကာ ဒီဘက်ကို လျှောက်လာသည် ။

လူဆိုတာ ဘယ်လောက်ပဲ ဆင်းရဲပစေ၊ သံယောဇဉ် အနှောင်အဖွဲ့နဲ့ မိသားစု သိုက်သိုက်ဝန်းဝန်းကလေးတော့ နေချင်မှာ ပဲ။

ကလေးငယ်သာသာ ဒီချာတိတ်မလေးဟာ အဖော်ကင်းမဲ့စွာနှင့် သည် ခြံကြီးထဲက ဂိုဒေါင်အခန်းလေးထဲမှာ တစ်ယောက်တည်း ဘယ်လောက်ထိအောင် နေနိုင်မှာ လဲ။

သူကတော့ မယုံပေ။

ထို့ကြောင့် နှုတ်ခမ်းလေးကို ဖွဖွပြုံးလိုက်မိသည် ။

***